MHAA

# မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

# အသင်းသူ၊ အသင်းသားများနှင့်

# ဝန်ထမ်းကျင့်ဝတ်များ

၂၀၂၀ ခုနှစ် ဧပြီလ ( ၁ ) ရက်

# ကျင့်ဝတ်များ

## လွှမ်းခြုံမှုနယ်ပယ်နှင့် အကျုံးဝင်မှုများ

ဤကျင့်ဝတ်များသည် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ဝန်ထမ်းများ၊ အသင်းဝင်များ၊ အကြံပေးများ၊ အတိုင်ပင်ခံများ၊ စေတနာ့ဝန်ထမ်းများ၊ အလုပ်သင်များအားလုံးနှင့် အကျုံးဝင်သည်။အားလုံးသည် ဤကျင့်ဝတ်အား လက်မှတ်ရေးထိုးပြီး တိကျစွာ လိုက်နာရမည်။ကျင့်ဝတ်ချိုးဖောက်မှုများအား စည်းမျဉ်းစည်းကမ်းအရ အရေးယူမည်။

## ကျင့်ဝတ်များ

၁။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အချိန်တိုင်းတွင် လိုက်နာပါမည်။

၂။ ကျွန်ုပ်တို့သည် အကျိုးအမြတ်မရှာဖွေသော ၊ အစိုးရလွှမ်းမိုးမှုမရှိသော ၊သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် အမြဲထိန်းသိမ်းသွားမည်။

၃။ ကျွန်ုပ်တို့သည် လူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းဖြစ်သည့်အလျောက် ဘက်မလိုက် ကြားနေသည့် အဖွဲ့အစည်းအဖြစ် ရပ်တည်မည်။

၄။ ကျွန်ုပ်တို့သည်အသင်း၏ ပိုင်ဆိုင်မှုများကိုသုံးစွဲ၍ လုပ်ငန်းလုပ်ဆောင်ရာတွင် မိမိတို့ကိုယ်ရေးကိုယ်တာအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူအကျိုးအတွက်သာ ဆောင်ရွက်သွားမည်။

၅။ ကျွန်ုပ်တို့သည် လူ့ဂုဏ်သိက္ခာကို လေးစားပြီး လူတိုင်းအား လူမျိုး၊ ဘာသာ၊ ကျား၊မဖြစ်တည်မှု၊ နိုင်ငံရေးယုံကြည်မှုဓလေ့ထုံးတမ်း စသည်တို့အပေါ် အခြေခံ၍ ခွဲခြားခြင်းမရှိဘဲ ဆက်ဆံပါမည်။

၆။ ကျွန်ုပ်တို့သည် အဖွဲ့အတွင်း၌လည်းကောင်း အလှူရှင်များနှင့် အများပြည်သူထံသို့လည်းကောင်း ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်မှုကို အလေးထား ကြိုးပမ်းဆောင်ရွက်သွားမည်။

၇။ ကျွန်ုပ်တို့သည် အကျိုးစီးပွားရောယှက်မှုများမှ ရှောင်ကြဉ်မည်ဖြစ်ပြီး လိမ်လည်လှည့်ဖြားမှုများ ၊ အဂတိလိုက်စားမှုများနှင့်ကင်းဝေးစေမည်။

၈။ ကျွန်ုပ်တို့သည် အသက် (၁၈) နှစ်အောက် မည်သူနှင့်မဆို လိင်ပိုင်းဆိုင်ရာနီးနှောဆက်နွယ်မှုများ လုံးဝမပြုလုပ်ပါ။

၉။ ကျွန်ုပ်တို့သည် အကျိုးခံစားခွင့်ရှိသူများ၊ ဝန်ထမ်းများအပါအဝင် လူအများလုံခြုံဘေးကင်းစေရေးကို အမြဲဦးစား ပေးမည်။

၁၀။ ကျွန်ုပ်တို့သည် သတင်းအချက်အလက်များကို ခွင့်ပြုချက်မရှိဘဲထုတ်ဖော်ခြင်း ၊ အသုံးပြုခြင်းမရှိစေရန် လျှို့ဝှက်ထိန်းသိမ်း ကာကွယ်သွားမည်။

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

### ကျင့်ဝတ်(၁) တရားဥပဒေကို လိုက်နာခြင်း

မည်သည့်ရာထူးတာဝန်ဖြင့်မဆိုရှိစေကာမူ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် တိုက်ရိုက်ပတ်သက်ဆက်နွယ်နေသောစေတနာ့ဝန်ထမ်း၊အကြံပေးနှင့်ဝန်ထမ်းများအားလုံးသည် မြန်မာနိုင်ငံနှင့်ဒေသတွင်းဥပဒေများကို လိုက်နာရမည်။ အသင်းအနေဖြင့်သော်လည်းကောင်း၊အသင်း၏အသင်းဝင်/စီမံချက်ဝန်ထမ်းတစ်ဦးအနေအဖြစ်သော်လည်းကောင်း သင့်အနေဖြင့် ဥပဒေများ၊ မူဝါဒများ ပြုပြင်ပြောင်းလဲရေးအတွက် အရေးဆိုတိုက်တွန်းမှုများ ပြုလုပ်ကောင်း၊ပြုလုပ်နိုင်ပါသည်။သို့သော် ထိုပြုပြင်ပြောင်းလဲမှုများ မဖြစ်ပေါ်သရွေ့ သင်သည် တည်ဆဲဥပဒေများကို လိုက်နာရပါမည်။

### ကျင့်ဝတ်(၂) အကျိုးအမြတ်မမျှော်ကိုးခြင်း၊အစိုးရလွှမ်းမိုးမှုမရှိခြင်း၊သီးခြားလွတ်လပ်စွာရပ်တည်ခြင်း၊ကိုယ်ပိုင်အုပ်ချုပ်မှုရှိခြင်း

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းသည် အကျိုးအမြတ်မမျှော်ကိုးသော၊ အစိုးရလွှမ်းမိုးမှုမရှိသော၊ လွတ်လပ်သော၊ ကိုယ်ပိုင်အုပ်ချုပ်မှုရှိသောအသင်းအဖွဲ့အဖြစ်ရပ်တည်သည်။အသင်းအနေဖြင့်အစိုးရအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိသော်လည်း အသင်း၏အမှီအခိုကင်းစွာ ကိုယ်ပိုင်လွတ်လပ်မှုကို ထိန်းသိမ်းထားမည်။ အသင်းသည် သို့မဟုတ် အသင်းဝင်များသည် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ရန်ပုံငွေရှာဖွေရေးနည်းလမ်းများမှတဆင့် ရန်ပုံငွေများ ရှာဖွေနိုင်သော်လည်း ရရှိသည့်အကျိုးအမြတ်များသည် သင့်လျော်သောပေးချေမှုများရှိစေကာမူ လူတစ်ဦးတစ်ယောက်အတွက်မဟုတ်ဘဲ အသင်းအတွက်သာ သုံးစွဲသွားမည်ဖြစ်သည်။

### ကျင့်ဝတ်(၃) ဘက်မလိုက်ကြားနေခြင်း

လူသားချင်းစာနာထောက်ထားသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းသည် စစ်ပွဲများ၊ပဋိပက္ခများတွင် ဘက်မလိုက်ပဲ ကြားနေရပ်တည်သွားမည်။တစ်ဦးချင်း၏ ယုံကြည်မှု၊ နိုင်ငံရေးအယူဝါဒမည်သို့ပင်ရှိစေကာမူ အသင်း၏အသင်းဝင်/စီမံချက်ဝန်ထမ်းတစ်ဦးအနေဖြင့် သင်သည် အသင်းတွင် တာဝန်ထမ်းဆောင်နေသရွေ့ ဘက်မလိုက်ဘဲ ကြားနေရပ်တည်ရမည်။သင်သည် အသင်း၏ဘက်မလိုက် ကြားနေရပ်တည်မှုကို ထိခိုက်စေနိုင်သည့် မိမိ၏နိုင်ငံရေးအမြင်အား ထုတ်ဖော်ခြင်းမပြုရ၊ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်းမပြုရ။

**ကျင့်ဝတ်(၄)  အများပြည်သူအကျိုး**

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းသည် အများပြည်သူအကျိုးဆောင်ရွက်နေသည့်အတွက် သင့်အနေဖြင့် ပြည်သူ့အကျိုးအား ပထမဦးစားပေးအဖြစ် ထားရှိရမည်။ အများပြည်သူအတွက် ရန်ပုံငွေ သို့မဟုတ် အသင်း၏ အမည်နာမကို သင့်ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်းမရှိစေရ။ အသင်း၏ဂုဏ်သိက္ခာအားကာကွယ်ရန် သင့်အနေဖြင့် ပြုမူဆောင်ရွက်ရမည်။

**ကျင့်ဝတ်(၅)  လူ့ဂုဏ်သိက္ခာနှင့် ခွဲခြားဆက်ဆံမှု မရှိခြင်း**

အမျိုးသမီးအခွင့်အရေး၊ကလေးသူငယ်အခွင့်အရေး၊မသန်စွမ်းသူများ အခွင့်အရေးများအပါအဝင် လူ့အခွင့်အရေးများသည် အသင်း၏လုပ်ငန်းဆောင်ရွက်မှုများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။သင်သည် လူသားတိုင်း၏အခြေခံလူ့အခွင့်အရေးကို လေးစားပြီး သင်ထမ်းဆောင်ရာရပ်ရွာလူထု၏ လူမှုတန်ဖိုးများ၊ ထုံးတမ်းဓလေ့များ၊ ယဉ်ကျေးမှုများကို သိရှိနားလည်ထားရပါမည်။ လူတိုင်းအား ခွဲခြားခြင်းမရှိပဲ ဆက်ဆံရပါမည်။

**ကျင့်ဝတ်(၆)  ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု**

သင်သည် အစိုးရ၊အလှူရှင်များ၊အကျိုးခံစားခွင့်ရှိသူများနှင့် အများပြည်သူအပါအဝင် သက်ဆိုင်သူများ အားလုံးနှင့်ဆက်ဆံရာတွင် လျှို့ဝှက်ထိန်းသိမ်းအပ်သည့် အချက်အလက်များမှအပ ပွင့်လင်းမြင်သာမှုရှိရမည်။ သင့်လုပ်ဆောင်မှုများ၏ ကောင်းကျိုး၊ ဆိုးကျိုးများအပေါ် ဖြေရှင်းနိုင်ရပါမည်။သင်သည် အလှူရှင်ကိုသာမက အကျိုးခံစားခွင့်ရှိသူများအပါအဝင် ပတ်သက်ဆက်နွယ်နေသူ အားလုံးအပေါ် တာဝန်ခံမှုရှိရမည် ဖြစ်သည်။

**ကျင့်ဝတ်(၇)  အကျိုးစီးပွားရောယှက်မှု၊ လိမ်လည်လှည့်ဖြားမှုနှင့် အဂတိလိုက်စားမှု**

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းသည် လိမ်လည်လှည့်ဖြားမှု၊ အဂတိလိုက်စားမှုတို့အပေါ် လုံးဝသည်းခံနိုင်ခြင်းမရှိပါ။အကျိုးစီးပွားရောယှက်မှု၊ လိမ်လည်လှည့်ဖြားမှုနှင့် အဂတိလိုက်စားမှု ဖြစ်မဖြစ် မသေချာပါက ရှောင်ကြဉ်ခြင်းသည် အကောင်းဆုံးရွေးချယ်မှုဖြစ်သည်။ သင့်အနေဖြင့် မသေချာပါက ပါဝင်လိုက်မည့်အစား သင့်အထက်အရာရှိနှင့်တိုင်ပင်ဆွေးနွေးနိုင်ပါသည်။အကျိုးစီးပွားရောယှက်မှု၊ လိမ်လည်လှည့်ဖြားမှုနှင့် အဂတိလိုက်စားမှုဆိုင်ရာ သံသယဖြစ်ဖွယ်ဖြစ်ရပ်များကို တတ်နိုင်သရွေ့ ဆောလျင်စွာ အကြောင်းကြားအစီရင်ခံရပါမည်။သင့်အနေဖြင့် (တန်ဖိုး)နည်းသော မေတ္တာလက်ဆောင်များမှလွဲလျှင် မည်သည့်လက်ဆောင်ကိုမဆို ငြင်းပယ်ရပါမည်။ မရှောင်လွှဲနိုင်ပဲ လက်ခံခဲ့ရပါက တရားဝင်ကြေငြာရပါမည်။ (တန်ဖိုး)နည်းသော လက်ဆောင်ဆိုသည်မှာ ဥပမာ ဈေးနည်းသော ဘောပင်၊ ပြက္ခဒိန်၊ တစ်နှစ်တာအစီအစဉ်စာအုပ် တို့ဖြစ်သည်။

**ကျင့်ဝတ်(၈)   ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်း**

အသင်းဝင်/စီမံချက်ဝန်ထမ်းတစ်ဦးအနေဖြင့် (၁၈)နှစ်အောက် ကလေးသူငယ်များနှင့်လိင်ပိုင်းဆိုင်ရာ နှီးနှော ပတ်သက်မှုများကို လုံးဝလက်သင့်မခံနိုင်ပါ။ သင့်အနေဖြင့် သင့်လုပ်ဖော်ကိုင်ဖက်များက ကျူးလွန်သည်ဟု သံသယ ဖြစ်ဖွယ် ကလေးသူငယ်လိင်ပိုင်းပြုကျင့်မှုများကို သတင်းပေးပို့တင်ပြရမည်။

**ကျင့်ဝတ်(၉)   ဘေးကင်းလုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ခြင်း**

သင်သည် လူတိုင်းအားလေးစားမှုဖြင့် လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံရမည်။အထင်အမြင်လွဲမှားစေနိုင်သော လေးစားမှုကင်းမဲ့သော အပြုအမူများကို ရှောင်ကြဉ်ရမည်။လုပ်ဖော်ကိုင်ဖက်များ၊ အကျိုးခံစားခွင့်ရှိသူ လူထုအပါအဝင် မည်သူ့ကိုမှ လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်း မရှိစေရ။ သံသယဖြစ်ဖွယ်ကိစ္စများကို အသင်းသို့ သတင်းပေးပို့တင်ပြရမည်။

**ကျင့်ဝတ်(၁၀)   လျှို့ဝှက်ထိန်းသိမ်းခြင်း**

တရားဝင်ခွင့်ပြုချက်မရှိဘဲ မပေါက်ကြားအပ်သော သတင်းအချက်အလက်များအား ထုတ်ဖော်ခြင်းမပြုရ။ လျှို့ဝှက် ထိန်းသိမ်းအပ်သော သတင်းအချက်အလက်များတွင် အလှူရှင်စာရင်း၊ ဘဏ္ဍာရေးအချက်အလက်များ၊ အကျိုးခံစားခွင့် ရှိသူများဆိုင်ရာအချက်အလက်များ၊ဝန်ထမ်းရေးရာအချက်အလက်များ၊နည်းပညာဆိုင်ရာလုံခြုံရေးသတင်းအချက်အလက် များ စသည်တို့ပါဝင်သည်။မူပိုင်ခွင့်အချက်အလက်များတွင် အနုပညာဖန်တီးမှုနှင့် ဓာတ်ပုံများ ပါဝင်သည်။သင့်အနေဖြင့် သတင်းအချက်အလက်များ၏လျှို့ဝှက်အဆင့် သို့မဟုတ် မူပိုင်ခွင့်နှင့်ပတ်သက်၍ မသေချာလျှင် သင့်အထက်အရာရှိကို မေးမြန်းရမည်။

**ကျင့်ဝတ်ချိုးဖောက်မှု**

ကျင့်ဝတ်ချိုးဖောက်ခြင်းသည် လွဲမှားပြုကျင့်မှုဖြစ်သည်။ချိုးဖောက်မှုတစ်မျိုးမျိုးသည် စာချုပ်ရပ်စဲခြင်း၊ကြိုတင် အသိပေး၍ ထုတ်ပယ်ခြင်း၊ ချက်ချင်းထုတ်ပယ်ခြင်းနှင့် တရားစွဲဆိုခြင်းစသည့် အလယ်အလတ်နှင့်ကြီးမားသော အရေးယူ မှုကို ဖြစ်စေလိမ့်မည်။

**ဝန်ထမ်းတာဝန်**

သင်သည် ဤကျင့်ဝတ်အား သေချာစွာ ဖတ်ရှုနားလည်သဘောပေါက်ထားရန် လိုအပ်သည်။သင်နှင့်စပ်ဆက် လျှက်ရှိသောသူများ၊အဖွဲ့များအားလည်း အသိပေးရှင်းပြထားရန် တာဝန်ရှိသည်။ကျင့်ဝတ်ချိုးဖောက်မှုများ တွေ့ရှိပါက အောက်ပါအစီရင်ခံမှုယန္တရားအတိုင်း အစီရင်ခံတင်ပြရမည်။

**စီမံခန့်ခွဲမှု၏တာဝန်(စီမံခန့်ခွဲရေးအဖွဲ့၏တာဝန်)**

စီမံခန့်ခွဲမှုတာဝန်ရှိသူများသည် ဝန်ထမ်းများအားကျင့်ဝတ်ကို မိတ်ဆက်ရှင်းလင်းခြင်း၊မွမ်းမံသင်ကြားပေးခြင်းများ ပြုလုပ်ရန်တာဝန်ရှိသည်။စီမံခန့်ခွဲသူများသည် ကိုယ်တိုင်စံပြနမူနာအဖြစ်လုပ် ဆောင်ရမည်ဖြစ်ပြီး အသင်းအတွင်းကျင့်ဝတ်လိုက်နာသောဓလေ့ကို ဖန်တီးရမည်။ကျင့်ဝတ်ချိုးဖောက်မှုနှင့်ပတ်သက်သော စိုးရိမ်ဖွယ်ရာများ၊အကြောင်းကြားမှုများကို ဝန်ထမ်းရေးရာဌာနသို့ အသိပေးရမည်။

**အဖွဲ့အစည်း၏ တာဝန်**

ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့်ဗဟိုအမှုဆောင်ကော်မတီသည် ကျင့်ဝတ်ဆိုင်ရာ အမြင့်မားဆုံးစံနှုန်းများ တည်ရှိစေရန်နှင့် ၎င်းတို့ကိုလေးစားလိုက်နာမှုမြင့်မားစေရန် ထိရောက်သော ယန္တရားများ တည်ဆောက်ထားရန် တာဝန်ရှိသည်။

**သတင်းပေးပို့တင်ပြခြင်းယန္တရား**

သင့်အနေဖြင့် ကျင့်ဝတ်ချိုးဖောက်မှုနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာရှိလျှင် အထက်အရာရှိထံ ချက်ချင်းအကြောင်းကြားရန် တိုက်တွန်းလိုပါသည်။အထက်အရာရှိထံ အကြောင်းကြားရန် အဆင်မပြေပါက ဝန်ထမ်းရေးရာဌာနသို့ လည်းကောင်း Program Director ထံသို့လည်းကောင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ တိုက်ရိုက်သော်လည်းကောင်း အစီရင်ခံနိုင်သည်။သင်၏သတင်းပေးပို့တင်ပြမှုကို လျှို့ဝှက်ထိန်းသိမ်းပေးထားမည်။ သင့်အနေဖြင့် သင့်အမည်ကိုမဖော်ပဲလည်း အစီရင်ခံနိုင်သည်။သို့သော် သင့်အနေဖြင့် သတင်းအချက်အလက် အပြည့်အစုံပေးအပ်နိုင်ရန် လိုအပ်သည်။ သို့မဟုတ်ပါက သတင်းအချက်အလက်များ ထပ်မံလိုအပ်လာလျှင် သင့်အားပြန်လည်ဆက်သွယ်ရန် လိုအပ်ပေလိမ့်မည်။

**ဆက်သွယ်ရန်**

**CEC: email: mhaa.central@myanmarhaa.org, phone: 013645722**

**ဆက်စပ်မူဝါဒများ**

- ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုမူဝါဒ
- ဘဏ္ဍာရေးစီမံခန့်ခွဲမှုမူဝါဒ
- ပစ္စည်းဝယ်ယူရေးမူဝါဒ
- လိမ်လည်လှည့်ဖြားခြင်းနှင့် အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒ
- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် မတော်မတရားပြုမူခြင်းမှ ကာကွယ်ရေးမူဝါဒ